# အပြင်စာဖြူစုကျေးရွာ
# ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)



ပြုစုရေးဆွဲ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အပြင်စာဖြူစုကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ် မတ်လ

၂၀၁၉ ခုနှစ်၊ မတ်လ

## မာတိကာ


မာတိကာ ၁

ရာသီခွင်ပြ ပြက္ခဒိန် ၅

စကားချီး ၆

အပြင်စာဖြူစုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** **၉**

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၄

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့ အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** **၃၃**

**(၁) လူမှုစီးပွားရေး အခြေအနေ**

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အား နှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား/ မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

## (၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၉**

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၇၁**

**ကိုးကားစာရင်း ၇၄**

# အပြင်စာဖြူစုကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်များ၏ အသေးစိတ်အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊ ၂၀၁၉ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အပြင်စာဖြူစုကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# အပြင်စာဖြူစုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှုးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

**အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

## (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကန်ကြီးထောင့်မြို့နယ်နှင့် (၅) မိုင်ခန့်ကွာဝေးပြီး ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးဘေးကပ်လျက်တွင် တည်ရှိ၍ သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ မိုးရေချိန်လက်မမှာ (၆၀) အထက်တွင် တည်ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် များစွာ အထောက်အကူပြုပါသည်။ လယ်ယာမြေများသည် မိုးစပါး၊ နွေစပါးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတို့အတွက် အဓိကအားထားရာဖြစ်ပါသည်။ ဥယျာဉ်ခြံ စိုက်ပျိုးကြသူများလည်း အနည်းငယ်ရှိပါသည်။

## (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးဘေးကပ်လျက်တွင် တည်ရှိသဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရန်အတွက် အဆိုပါလမ်းမကြီးဘေးရှိ မြောင်းများမှတဆင့် ရေတင်စိုက်ပျိုးပြီး အကျိုးဖြစ်ထွန်းမှုရှိပါသည်။ ကျေးရွာသည် လယ်ယာမြေအများစုဖြစ်ပြီး မြေဆီဩဇာ အသင့်အတင့်ကောင်းမွန်ပါသည်။ လယ်ယာမြေ စိုက်ပျိုးဧက (၆၆၄) ဧကခန့်ရှိပြီး မိုးစပါးနှင့် နွေစပါးကို အဓိကစိုက်ပျိုးသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ နွားစာအတွက် မြက်များကို လယ်ကန်သင်းများတွင် အလွယ်တကူရရှိနိုင်သည်။ စားကျက်မြေ သီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်တွေ့ရများသော အပင်များသာရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၇၀) စုနှင့် ကျား (၄၀၂)၊ မ(၄၂၈) ဦးဖြင့် လူဦးရေပေါင်း(၈၃၀) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၉) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှင့် တူညီသည်ဟု ခန့်မှန်းရပါသည်။ ကျေးရွာတွင် ဗမာနှင့် ကရင်လူမျိုးများနေထိုင်ကြပြီး အလုပ် လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၁.၈ % ရှိပြီး အမျိုးသမီးမှာ အမျိုးသား အရေအတွက်ထက် ၃% ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်း စဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင် စုအားလုံး၏ ၇၃.၅% သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး ၆.၅% သည် ချမ်းသာသည့်အဆင့်၊ ၂၀ % သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအနည်းအကျဉ်းရှိသော်လည်း လက်လှမ်းမမှီမှု၊ လယ်ယာသုံး စက်ကိရိယာအားနည်းမှု၊ ကျေးရွာစီးပွားရေးအနေအထားမှာ အများအားဖြင့် ကောင်းမွန်ခြင်းမရှိပါ။ အလယ်အလတ်ရှိသော အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ အရောင်းအဝယ်စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင် ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာ အနည်းငယ်မျှသာပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ လယ်သူရင်းငှားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၄၈%) နှင့် (၂.၅) ဧအောက်ပိုင်ဆိုင်သူများမှာ (၁၁%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများ ပါဝင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့ အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံခန့်ရှိသော်လည်း ရာသီ အလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်လုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်

ထောင်စု (၄၁) စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၆၅.၉% မှာ သူတပါးထံမှ မချေးမငှားပဲ သုံးလ ခန့်နှင့် ၄.၉ % ခန့်မှာ သူတပါးထံမှ ချေးငှားစရာမလိုပဲ ၃ လမှ ၅ လခန့်နှင့် ၂၉.၂% မှာ သူတပါးထံမှ ချေးငှားစရာမလိုပဲ ၆ လမှ ၁၂ လအထိ နပ်မှန်အောင် စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀,၀၀၀/- ကျပ်မှ ၅၀၀,၀၀၀/- ကျပ်ထိတင်ရှိနေကြသည်။ ချေးငွေအများစုကို လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျေးရွာသမဝါယမအသင်းနှင့် ငွေတိုးပေးသူများ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် (၆၅) နှစ်အထက် အသက်အရွယ်ရှိသူများ ရှိသော်လည်းမိသားစုစောင့်ရှောက်မှု ရှိကြပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် တိရိစ္ဆာန်ရောဂါကျရောက်မှုများ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ၊ စားနပ်ရိက္ခာမဖူလုံမှုများကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများတွင်သာတွေ့ရသည်။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း လက်လုပ်လက်စား ကျပန်းအလုပ်သမားများ၊ မြေယာမဲ့ ဆင်းရဲသားတောင်သူများတွင် အသင့်အတင့်ရှိကြောင်း တွေ့ရ သည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည်  သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည် ရာသီအကူးအပြောင်းကာလများတွင် သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ တခါတရံ ဖြစ်ပွားလေ့ရှိပါသည်။ ကျေးရွာရှိ ပြည်သူလူထုအများစုမှာ တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်သာ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ ၂ မိုင်ခန့်အကွာရှိ ကြူတန်းကျေးရွာအုပ်စု၊ ကြူတန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနတွင်ရရှိနိုင်ပြီး ကျေးရွာမှ ၅ မိုင်ခန့်ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော ကန်ကြီးထောင့်မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် (၂၀၁၄-၂၀၁၅) ခုနှစ်အတွင်း အောင်မိုးသန့်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးခဲ့သော ၄" Ø စက်ရေတွင်းမှာလည်း ရေငန်သဖြင့် သောက်ရေမရရှိပါ၊ သုံးရေသာ ရရှိပါသည်။ ထို့ကြောင့် သောက်သုံးရေများကို ကျေးရွာ၏ (၄) ဖာလုံခန့်အကွာတွင်ရှိသော လဟာကလူကျေးရွာအုပ်စု၊ အတွင်းစာဖြူစုကျေးရွာရှိ သောက်ရေတွင်း (လက်တူးတွင်း) မှ သွားရောက်ခပ်ယူ သောက်သုံးကြရပါသည်။  သို့ပါ၍ မိုးဦး

နောက်ကျသောနှစ်များတွင် သောက်ရေအခက်အခဲများရှိပါသည်။ ဝမ်းပျက်ဝမ်းလျှောနှင့် အခြား ကူးစက်နိုင်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးကြောင်း တွေ့ရသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာတွင် ၈ ဦး ခန့်ရှိပြီး တက္ကသိုလ်ပညာ သင်ကြားသူဦးရေ ၇ ဦးသာ ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာအနီး (၁) မိုင်ခန့်ကွာဝေးသော လဟာကလူကျေးရွာအုပ်စု၊ အတွင်းစာဖြူစုကျေးရွာရှိ မူလတန်း ကျောင်းတွင် တက်ရောက်သင်ကြားရပြီး အလယ်တန်းနှင့် အထက်တန်းကို ရွာမှ (၂) မိုင်ခန့် ဝေးသော အဓလောက်ကျေးရွာအုပ်စု ကုန်းစုကျေးရွာတွင်လည်းကောင်း၊ (၄) မိုင်ခန့်ကွာဝေးသော ဘဲဂရက်အထက်တန်း (ခွဲ) ကျောင်းတွင်လည်းကောင်း၊ (၅) မိုင်ခန့်အကွာရှိ ကန်ကြီးထောင့် အ.ထ.က ကျောင်းများတွင်လည်းကောင်း တက်ရောက်သင်ကြားနိုင်ပါသည်။ တက္ကသိုလ်ပညာရေး ကို ပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ သို့သော် သက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ် အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံး ကြပါသည်။

ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ် ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုး သားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုး သားများကပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော် လည်း အမျိုးသမီးများသည် အမျိုးသားများထက်လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေး

အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အသင့်အတင့်ရှိကြသည်။ အခြားလူမှုရေးအသင်း အဖွဲ့များတွင်လည်း အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျားမ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့နှင့် ကျေးရွာပရဟိတအဖွဲ့များ သီးသန့်မရှိသော်လည်း ကျေးရွာရှိ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာမှ အမျိုးသမီးများလည်း ပါဝင်ဆောင်ရွက်ကြပါသည်။

ကျေးရွာတွင် စီးပွားရေးအခြေခံ အသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး သမဝါယမအသင်းသာ ရှိပါသည်။

ကျေးရွာတွင် ဆိုလာမီးများ အသုံးပြုသူများရှိသကဲ့သို့ ဒီဇယ်အင်ဂျင် အသုံးပြုသူများလည်း ရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများ ဖွဲ့စည်းထားမှု မရှိသေးသဖြင့် အဖွဲ့အစည်းများ ဖွဲ့စည်း ကာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးကို အဓိကထားစိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာ ပဲအမျိုးမျိုး၊ အာဝါးနှင့် ရေတိစိုက်ခင်းများရှိသည်။ လယ်မြေကေ (၆၆၄) ကေရှိပြီး နွေစပါး ရိတ် သိမ်းပြီးချိန်တွင် သီးထပ်အဖြစ် ပဲစိုက်ပျိုးသူ အနည်းငယ်ရှိပါသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်းနှင့် ရေတိကို စိုက်ပျိုးကြသည်။ နွေစပါးတစ်ကေ ပျမ်းမျှအထွက်နှုန်းမှာ (၈၅) တင်းနှင့် မိုးစပါးတစ်ကေ ပျမ်းမျှအထွက် (၆၀) တင်းနှုန်းထွက်ရှိသည်။ စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများ အတွက် ဝန်ဆောင်မှုများအားနည်းကြသည်။ တောင်သူအများစုသည် လယ်သမားများ ဖြစ်ကြသဖြင့် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အား ခပိုမိုပေးမှ အလုပ်သမားများကို ငှားရမ်း၍ရသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုး ကျရောက်သဖြင့် ဓာတုပိုးသတ် ဆေးများ အသုံးပြုရပါသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် မြေဆီလွှာ အရည်အသွေးများ ထိခိုက်နိုင်ခြေရှိပါသဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နင်းရေး နည်း စနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးစေလိုပါ သည်။

ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် လယ်ထွန်စက် ပိုင်ဆိုင်သူများထံမှ အခကြေးငွေဖြင့် ငှားရမ်းထွန်ယက်ကြသူများရှိသကဲ့သို့ နွားနှင့် စက်တပ်နွားပုံ (လက်တွန်းထွန်စက်) များကိုသာ အသုံးပြုထွန်ယက်ကြသူများလည်းရှိကြပါသည်။ နွားမွေးမြူသည့် အိမ်ထောင်စုပေါင်း (၂၆) စုခန့်ရှိပြီး နွားကောင်ရေ (၇၇) ကောင်ခန့်ရှိပါသည်။ ကျေးရွာတွင် စပါးကို အဓိကစိုက်ပျိုးကြပြီး ကျေးရွာမှအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် လုပ်အားခကို ကေအလိုက် သတ်မှတ်ကြသူများရှိသကဲ့သို့ နေ့စားဖြင့် လုပ်ကိုင်သူများလည်းရှိပါသည်။

မွေးမြူရေးတွင် ကျေးရွာအတွင်း ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏ ၇၅.၃% ခန့်ရှိပြီး ဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် ၁ ကောင်မှ ၁၀ ကောင်မျှထိ မွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ (၈၃.၅%) ခန့်ရှိပြီး ဘဲမွေးမြူသူများမှာ (၃၄.၇%) ခန့်ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ ဝက်နာ တိရိစ္ဆာန်ရောဂါများ နှစ်စဉ်နှစ်တိုင်း ကျရောက်တတ်သည်။ ကျေးရွာတွင် တနိုင်တပိုင် မွေးမြူသည့် အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့် ကောင်ရေ များပြားလျက်ရှိသည်။ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများမှ ဆက်စပ်ဝင်ငွေ အထိုက်အလျောက်ရရှိနိုင်ပြီး မွေးမြူရေးတွင် ကူးစက်ရောဂါ အခါအားလျော်စွာ ကျရောက်တတ်ခြင်းတို့ ရှိပါသည်။ ငါးမွေးမြူရန် ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အခြားဝင်ငွေရလုပ်ငန်းများအဖြစ် နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုးနှင့် အစိုးရဝန်ထမ်း (ကျောင်းဆရာ/ ဆရာမ) လုပ်ငန်းတို့ဖြစ်ကြသည်။ လုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ သယ်ယူပို့ဆောင်ရေးတွင် ဒိန်းဒေါင်းများ၊ တုတ်တုတ်များ၊ ဆိုင်ကယ်များဖြင့် သွားလာကြသည်။

ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ ပျမ်းမျှအားဖြင့် တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင်ကြပြီး နောက်လိုက်များမှာ ၅၀၀၀/- ကျပ်ထိရရှိကြသည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျား လုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မုန့်လုပ်နည်း၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ စက်ပြင်၊ ဝပ်ရှော့စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများ ဖြစ်ကြသော်လည်း

ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့ နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများ တခါတရံဖြစ်ပွားလေ့ရှိပါသည်။ မိုးဦးနောက်ကျသည့်ကာလများတွင် ရေတက်နည်းသဖြင့် စိုက်ပျိုးရေ ရှားပါးလေ့ရှိပါသည်။ ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေသောကြောင့် မိုးခေါင်ခြင်း သဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကိုတစ်လအတိုးနှုန်း ၈ဂ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာရန်ပုံငွေအဖွဲ့များ ဖွဲ့စည်းထားခြင်းမရှိပါ။ ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သမဝါယမအသင်းများသာ ရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ ငါးသိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်း မရှိသောကြောင့် ရွာမှ (၁) မိုင်ခန့် ဝေးသော လဟာကလူကျေးရွာအုပ်စု၊ အတွင်းစာဖြူစုကျေးရွာ မူလတန်းကျောင်းတွင် သွားရောက်ပညာသင်ယူရပြီး အလယ်တန်းနှင့် အထက်တန်းကို ကုန်းစုကျေးရွာ၊ ဘဲဂရက် အ.ထ.က (ခွဲ) နှင့် ကန်ကြီးထောင့်

အ.ထ.က တို့တွင် တက်ရောက်နိုင်သည်။ ရွာသားအားလုံး၏ ၇၈.၄% မှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ဆည်းပူးပြီးသူများဖြစ်ကြသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ ၁ မိုင် ခန့်ဝေးသည့် ကြူတန်းကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၊ ၅ မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့နယ်ဆေးရုံတို့တွင်လည်း သွားရောက်ကုသနိုင်ကြသည်။ လိုအပ်သောဆေးဝါးများကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။

သောက်ရေအတွက် မိုးရေကန်မရှိခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ (၂၀၁၄-၁၅) ခုနှစ်တွင် ထောက်ပံ့ပေးခဲ့သော အောင်မိုးသန့်ကုမ္ပဏီမှတူးဖော်ခဲ့သည့် စက်ရေတွင်းမှာလည်း ရေငန်သဖြင့် သောက်သုံးရေအား အခြားကျေးရွာသို့ သွားရောက်ခပ်ယူရပါသည်။ ထို့ကြောင့် ရေကန်တစ်ကန်အား ဆောင်ရွက်ပေးစေလိုပါသည်။ သုံးရေများအတွက် အဆိုပါ စက်ရေတွင်းနှင့် အဝီစိတုံကင်တွင်းများ တူးဖော်တပ်ဆင်သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။

### (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ပိုက်ကျော်ခြင်းကွင်းနှင့် ဘောကန်ရန် တလင်းပြင်များရှိပါသည်။ လူငယ်အချို့သည် အရက်သေစာသောက်စားမှု အနည်းငယ်ရှိကြသော်လည်း ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ တက်ကြွစွာ ပါဝင်ကူညီဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်မူ မြောင်းတူးခြင်းများ၊ လမ်းဖောက်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

### (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းရှိ လမ်းများမှာ နှစ်စဉ်နှစ်တိုင်း ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်လေ့ရှိသဖြင့် လမ်းများမှာ အလွန်ပျက်စီးသွားခြင်းမရှိပါ။ ထို့ပြင် ယခု (၂၀၁၈-၂၀၁၉) ခု ဘဏ္ဍာရေးနှစ်တွင် ကန်ကြီးထောင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေအစီအစဉ် (AVIP) ဖြင့် အပြင်စာဖြူစု ရွာတွင်းလမ်းမကြီးအား ဌာနထောက်ပံ့ငွေ ကျပ်သိန်း (၁၀၀) နှင့် ပြည်သူထည့်ဝင်ငွေ ကျပ် (၅) သိန်းတို့ စုပေါင်းကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ဦးဆောင်၍ ပြည်သူလုပ်အားများ ပေါင်းစပ်ကာ ကွန်ကရစ်လမ်းအဖြစ် ပေါင်းစပ်အဆင့်မြှင့်တင်နိုင်ခဲ့ပါသည်။

ကုန်းလမ်းခရီးကိုသာ အဓိကထားသွားလာရသည့် ကျေးရွာဖြစ်သဖြင့် ယခုအခါ ပြည်သူများသွားလာရေးတွင် အလွန်အဆင်ပြေပါသည်။ ကျေးရွာမှာ ရွာဝိုင်းဖြစ်ပြီး ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးဘေးရှိ ကျေးရွာဖြစ်သဖြင့် အဆိုပါလမ်းဘေးရှိ မြောင်းများအား ဖြတ်သန်းသွားလာရန် ရွာထိပ်နှစ်ဖက်တွင် တံတား (၂) စင်းရှိပါသည်။ ကျေးရွာတွင်းတွင်လည်း တံတား (၁) စင်းရှိပြီး အနီးရှိ လဟာကလူကျေးရွာအုပ်စု၊ အတွင်းစာဖြူစုကျေးရွာသို့ သွားရာ လမ်းထိပ်တွင် တံတား (၁) စင်းရှိပါသည်။ အဆိုပါတံတားများတွင် ရွာတွင်း တံတား (၁) စင်းမှာ ပြုပြင်ရန် လိုအပ်လျှက်ရှိပါသည်။ ကုန်းလမ်းခရီးကိုသာ အသုံးပြုသော်လည်း မိုးရာသီ စိုက်ပျိုးချိန်၊ ရေတက်များသော ကာလများတွင် လယ်ထဲသို့သွားရန် လှေများကိုလည်း အသုံးပြုကြပါသည်။

ကျေးရွာတွင် ဆိုလာမီးအသုံးပြုသူများရှိသကဲ့သို့ ဒီဇယ်အင်ဂျင်စက် အသုံးပြုသူများလည်း ရှိပါသည်။ ဆိုလာနှင့် ဒီဇယ်အင်ဂျင် အသုံးပြုသောအိမ်ထောင်စုများမှာ တစ်ရွာလုံး၏ နှစ်ပုံတစ်ပုံခန့်ရှိပါသည်။ အခြားသော အိမ်ထောင်စုများမှာ ဘတ္တရီမီးများ၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်တို့ကိုသာအသုံးပြုနေကြရပါသည်။ ထို့ကြောင့် ကျေးရွာမှ လျှပ်စစ်မီး (သို့မဟုတ်) ဒီဇယ်သုံးအင်ဂျင်မီးများ တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန် လိုလားနေကြပြီး သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရန် လိုအပ်လျှက်ရှိပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်သောကြောင့် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

အပြင်စာဖြူစုကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး ဘဲဂရက်-ဒီးဒုတ်လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကန်ကြီးထောင့်မြို့နှင့် ၁၀၈ တောင် ဂမုန်းပေါင်းစေတီတော်ကြီးသို့ သွားရာလမ်းမှ ခွဲထွက်သောလမ်းဟုလည်း ဆိုနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ ကုန်းလမ်းခရီးကိုသာ အဓိကထား အသုံးပြုကြပါသည်။

အပြင်စာဖြူစုကျေးရွာနှင့်အနီးဆုံးဈေးမှာ ဘဲဂရက်မြို့မရပ်ကွက် ဘူတာဈေးဖြစ်ပြီး ဆိုင်ကယ်၊ ဒိန်းဒေါင်းများဖြင့် သွားလာနိုင်ပါသည်။ အကြီးစားဈေးကွက်အဖြစ် ကန်ကြီးထောင့် မြို့နယ်မြို့မဈေး၊ ပုသိမ်မြို့နယ် မြို့မဈေးကြီးနှင့် ဒါးကကျေးရွာ ဈေးများတွင် ပစ္စည်းစုံလင်စွာရရှိနိုင်ပေသည်။

ကျေးရွာ၌ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးကိုသာ အသုံးပြုကြရပြီး ချို့တဲ့သော အိမ်ထောင်စုရှိ ကျောင်းသူ/ သားများ၏ စာဖတ်ချိန်တွင် ဖယောင်းတိုင်မီးကိုသာ အသုံးပြုကြရသည်။ အချို့အိမ်ထောင်စုတွင် ဆိုလာမီးများ ဝယ်ယူအသုံးပြုနိုင်ကြသဖြင့် ကျောင်းသူ/ သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။

လူဦးရေအားလုံး၏ ၇၁.၈ % မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အနည်းငယ်မျှရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေမည်ဖြစ် ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အသင့်အတင့်လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် ပုသိမ်ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများမရှိသေးသဖြင့် ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်ပိုမိုကောင်းမွန်လာစေရန်မျှော်လင့်ပြီး ထိုအထောက်အပံ့များဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် အထောက်အပံ့

ကောင်းများ ဖြစ်လာစေရေးမျှော်လင့်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာနမှလည်း စိုက်ပျိုးရေးနှင့် ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များ လာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများက မျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင် ရောင်းချနိုင်သဖြင့် ဈေးကွက်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။ စပါး၊ ပဲ၊ ကွမ်းနှင့် ဂေါ်ရခါး တို့ကို အဓိကစိုက်ပျိုးကြပြီး၊ မိုးရာသီကာလ မဟုတ်သည့် အချိန်များတွင် ဘဲဂရက်-ဒီးဒုတ် လမ်းမကြီး ဘေးရှိ မြောင်းရေမှ ရေကို အသုံးပြု၍ သီးနှံများကို စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ အားနည်းသော်လည်း ကျန်းမာရေးနှင့် အခြားလူမှုရေး ကိစ္စအဝဝတွင် ကျေးရွာရှိလူငယ်များမှာ လိုအပ်လျှင်လိုအပ်သလို ကူညီဆောင်ရွက်ပေးကြသည်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်ပြီး ကန်ကြီးထောင့်မြို့နယ် အထည်ချုပ်စက်ရုံ၊ ပုသိမ် အထည်ချုပ်စက်ရုံနှင့် စက်မှုဇုန်များတွင် သွားရောက်လုပ်ကိုင်နိုင်ကြသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများ အများအပြား မရှိပါ။ ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများ မရှိသော်လည်း ကျေးရွာပရဟိတလုပ်ငန်း များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိပြီး ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများ ထပ်မံမတိုးချဲ့နိုင်တော့ပဲ လက် ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး နှစ်စဉ်နှစ်တိုင်း ပိုးမွှားကျရောက်မှုအန္တရာယ်၊ ကြွက်ဖလောင်းအန္တရာယ်တို့နှင့် ရင်ဆိုင်ရပြီး လယ် ယာစိုက်ပျိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုတစ်ခုအဖြစ်တည်ရှိနေပြီး သီးနှံထိခိုက် ပျက်စီး မှုများရှိပါသည်။

ကျေးရွာတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ မရှိသောကြောင့် မူလတန်းပညာကို လဟာကလူအုပ်စု၊ အတွင်းစာဖြူစုကျေးရွာ မူလတန်းကျောင်း၊ အလယ်တန်းပညာ ကို အခလောက်အုပ်စု၊ ကုန်းစုကျေးရွာ အလယ်တန်းကျောင်း၊ အထက်တန်းပညာကို ဘဲဂရက်ရပ် ကွက် အ.ထ.က (ခွဲ)ကျောင်းနှင့် ကန်ကြီးထောင့်မြို့နယ်အထက်တန်းကျောင်းများတွင် သွားရောက် ပညာသင်ကြားရပါသည်။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဌာနခွဲမရှိသော်လည်း (၁) မိုင်ခန့် အကွာရှိ ကြူတန်းကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကုသနိုင်ပါသည်။ အရေးပေါ်ကိစ္စရပ် များတွင် (၅) မိုင်ခန့်ဝေးသော ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် (၁၉) မိုင်ခန့်ကွာဝေးသော ပုသိမ် မြို့မဆေးရုံကြီးသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှုရှိ တတ်ပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

## (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်း နှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာ အခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ သား များ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှု ဘဝတိုးတက်ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာ အခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရား တိုး တက်လာစေရမည်။

က.၄) ကျွန်ုပ်တို့ကျေးရွာသည် လူငယ်များ အရက်သေစာ သောက်စားမှုလျော့နည်းပြီး တွေးခေါ် မြော်မြင်မှုနှင့် ယဉ်ကျေးမှု ပိုမိုမြင့်မားလာစေရမည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

၁.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်း ရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမို ရရှိစေရန်အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထား ပေးမည်။ စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ်များ အလွယ်တကူရရှိနိုင်ရေး ဆောင်ရွက်မည်။

၁.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော် သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။ လူငယ်များအတွက် စာကြည့်တိုက်များ ဖန်တီးပေးမည်။

၁.၃) ကျေးရွာတွင် မူလတန်းကျောင်းမရှိသဖြင့် နောက်ပိုင်းနှစ်များတွင် မူလတန်းကျောင်းများ၊ စာသင်ကျောင်းဆောင်များ၊ ပရိဘောဂအသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရရှိရန်နှင့် ဆရာ/ ဆရာမလုံလောက်စွာ ရရှိလာနိုင်အောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက် တန်းအဆင့် ကျောင်းများအထိရရှိအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

၁.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့် ကျေးရွာအခြေပြုလုပ်ငန်းများ ကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက် အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက် များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## (ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း

ကျေးရွာတွင် အိမ်ခြေပေါင်း (၁၇၀) ရှိပြီး လူဦးရေ (၈၃၀) ခန့်ရှိပါသည်။ လက်ရှိ ကျောင်း သားဦးရေမှာ (၁၇၃) ဦးခန့်ရှိပါသည်။ မူလတန်းကျောင်းသားဦးရေမှာ (၈၀) ဦးခန့်ရှိပါသည်။ မိုး ရာသီကာလတွင် ကလေးငယ်များသည် တံတားများကို ဖြတ်သန်းသွားလာရသဖြင့် အန္တရာယ် အနည်းငယ်ရှိပါသည်။ ထို့ကြောင့် မူလတန်းကျောင်းချထားပေးနိုင်ရေး၊ စံချိန်မီသောစာသင်ကျောင်း ဆောင်များ၊ အားကစားပစ္စည်းအချို့နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများအား သက်ဆိုင်ရာ အစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာန၊ အားကစားဦးစီးဌာနတို့မှ တာဝန်ယူဆောင်ရွက်ပေး စေလိုပါသည်။

## (ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန် ဆောင်ရွက်ခြင်း

ကျေးရွာတွင်းလမ်းများမှာ ယခင်က ရွာသူ/ သားများ၏ ကိုယ်ထူကိုယ်ထအားဖြင့် ဘေး ဘောင်များ အုတ်ဘောင်စီ၍ အတွင်းပိုင်းတွင် ဂဝံများခင်းထားသော်လည်း မိုးရာသီတွင် လမ်း ပျက်စီးမှုများရှိနေပါသည်။ ယခု (၂၀၁၈-၂၀၁၉) ခု ဘဏ္ဍာရေးနှစ် ကန်ကြီးထောင့်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဘဏ္ဍာရေးနှစ်အလိုက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေ အစီအစဉ် ၁၀,၀၀၀,၀၀၀/- ကျပ် (ကျပ်သိန်းတစ်ရာ) နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ၅၀၀,၀၀၀/- ကျပ် (ကျပ်ငါးသိန်း) တိတိဖြင့် ရွာတွင်းလမ်းကို ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးခဲ့ပါသည်။ ကျေးရွာနှင့် ဆက်စပ်လျက်ရှိသည့် လဟာကလူကျေးရွာအုပ်စု၊ အတွင်းစာဖြူစု ကျေးရွာလမ်းအား လည်း (၂၀၁၇-၂၀၁၈) ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်ချောလမ်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သဖြင့် နောင်လာမည့်နှစ်များတွင်လည်း လိုအပ်သလို ပြုပြင်ထိန်းသိမ်းမှု များကို သက်ဆိုင်ရာနှင့် ကျေးရွာမှပူးပေါင်းကာ ဆက်လက်ဆောင်ရွက်သွားပါမည်။ သို့သော် အဆိုပါ လမ်းနှစ်လမ်းအား ဆက်သွယ်ထားသည့်တံတားမှာ ကျဉ်းမြောင်းသဖြင့် ဆိုင်ကယ်နှင့် စက်ဘီးများ

သာ သွားလာနိုင်ပါသည်။ အဆိုပါတံတားအား အကျယ်ချဲ့၍ ပြုပြင်မွမ်းမံပေးနိုင်ပါက ကျောင်းသား/ သူများသာမက တစ်ရွာနှင့် တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေးများ၊ ကျန်းမာရေး ကိစ္စရပ်များအတွက် လွန်စွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မဟာခေတ်အားလိုင်း လျှပ်စစ် မီးမှာလည်း ၁၀၈ တောင်ဘုရားသို့သွားရာလမ်းမကြီး (ကျေးရွာထိပ်) တွင်ရရှိပြီးဖြစ်သဖြင့် ကျေးရွာ သို့ ဆက်လက်သွယ်ယူနိုင်ရေး သက်ဆိုင်ရာ လျှပ်စစ်ဦးစီးဌာနမှ ဆောင်ရွက်ပေးစေလိုပါသည်။

## (ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး

အပြင်စာဖြူစုကျေးရွာသည် လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းတွင် အတော်အသင့်ဖြစ်ထွန်းသော ကျေးရွာတစ်ရွာဖြစ်ပြီး စိုက်ပျိုးရေရရှိရန်မှာ နွေအခါနှင့် မိုးဦးနောက် ကျသည့် အချိန်များတွင် အခက်အခဲအနည်းငယ်ရှိပါသည်။ ကျေးရွာတွင်း လယ်ယာလုပ်သားရှားပါး လာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်လာမှု၊ သီးနှံဖျက်ပိုးကျရောက်လာမှု၊ ကြွက်ဖလောင်း အန္တရာယ် ကျရောက်မှုတို့ကြောင့် လယ်ယာလုပ်ငန်းများ အချိန်မီပြီးစီးရန်နှင့် သီးနှံအထွက်နှုန်း လျော့ကျမှု အခက်အခဲများ တခါတရံကြုံတွေ့ရလေ့ရှိပါသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာဌာန များဖြစ်ကြသော စက်မှုလယ်ယာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ပြင်ပလယ်ယာသုံး ပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ပေးစေလိုပါသည်။ ထို့အပြင် အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းသုံးစွဲနိုင်ရေးများကို လည်း ဆောင်ရွက်ပေးသင့်ပါသည်။ သီးနှံဖျက်ပိုးကျရောက်မှုနှင့် ကြွက်အန္တရာယ်ကျရောက်မှုမှ တားဆီးကာကွယ်ရေးသင်တန်းများကို လယ်ယာစိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းများ လာရောက် ပို့ချပေးစေလိုပါသည်။

## (င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

အပြင်စာဖြူစုကျေးရွာတွင် ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံ ချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး ဂိမ်းကစားခြင်း၊ ရုံဖန်ရုံခါ အရက် သေစာ သောက်စားမှုတို့ဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ စာပေဗဟုသုတ နည်းပါးခြင်းနှင့်လည်း ဆိုင်ပေသည်။ ထို့ကြောင့် စာကြည့်တိုက်များလည်း ထူထောင်ပေးစေလိုပါသည်။ ထိုနည်းတူစွာပင် လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်းအတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင် သာ ကျပမ်းအဖြစ်လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက် သင့်တော်သော အသက် မွေးဝမ်းကျောင်းဆိုင်ရာအတတ်ပညာများရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့ များနှင့် ချိတ်ဆက်ပြီး ကူညီဆောင်ရွက်ပေးစေပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သောစီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အပြင်စာဖြူစုကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***အခြေခံအဆောက်အအုံ*** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၁၀၀ | ၁ | – ရွာတွင်းလမ်းအားကွန်ကရစ်ခင်းရန်<br>– ရေပြွန် (၁) ခု ဆောက်လုပ်ခြင်း။ | ကျေးလက်ဦးစီး (သို့) လမ်းဦးစီး |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၈၀ | ၃ | _ အပြင်စာဖြူစုရွာတွင်းတံတား တည်ဆောက်ခြင်း | ကျေးလက်ဦးစီး(သို့) လမ်းဦးစီး |
| ***လျှပ်စစ်မီးလင်းရေး*** | | | | | |
| | ၂။ ကျေးရွာမီးလင်းရေးဆောင်ရွက်ခြင်း | ၉၀ | ၂ | – ကျေးရွာမီးလင်းရေးအတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းရန် | လျှပ်စစ်ဦးစီး (သို့) ကျေးလက်ဦးစီး |
| ***ပညာရေး*** | | | | | |
| | ၃။ ပညာရေးကဏ္ဍတိုးတက်ရေး ကျေးရွာတွင်စံချိန်မီကျောင်းဆောင် ဆောက်လုပ်ခြင်း | ၅၇ | ၆ | – မူလတန်းကျောင်း ချထားပေးရန်နှင့် ကျောင်းဆောင် ဆောက်လုပ်ပေးရန် | အခြေခံပညာဦးစီးဌာန |
| ***ကျန်းမာရေး*** | | | | | |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၄။ ကျေးရွာနေပြည်သူများ ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် | ၅၀ | ၇ | – သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပေးရန်<br>– ယင်လုံအိမ်သာစနစ် အသုံးပြုရေး ဟောပြောပို့ချပေးစေရေးနှင့် ယင်လုံအိမ်သာများ တည်ဆောက်ပေးရန် | ကျေးလက် ဦးစီး၊ ကျန်းမာရေး ဦးစီးဌာန |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၅။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး | ၇၄ | ၄ | - စိုက်ပျိုးရေး နည်းပညာများ ပံ့ပိုးပေးစေခြင်း<br>- နွေစပါးအတွက် ရေမြောင်းများ တူးဖော်ပေးရန် | စိုက်ပျိုးရေး ဦးစီး(သို့) ဆည်မြောင်း ဦးစီး |
| ***လူငယ်ဖွံ့ဖြိုးရေး*** | | | | | |
| | ၉။ လူငယ်များအတွက် ဗဟုသုတ၊ ယဉ်ကျေးမှုနှင့်ကျန်းမာကြံ့ခိုင်ရေး | ၆၅ | ၅ | - စာကြည့်တိုက်တည်ဆောက်ပေးရန် | အားကစား ဦးစီးဌာန |

## (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေး မည်။

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ အပြင်စာဖြူစုရွာတွင်းလမ်း ကွန်ကရစ်ခင်းရန် | ၁ | —— | | | | |
| ၂။ ကျေးရွာလျှပ်စစ်မီးလင်းရေး | ၂ | —— | | | | |
| ၃။ အပြင်စာဖြူစုရွာတွင်းတံတားတည်ဆောက်ရန် | ၃ | | —— | | | |
| ၄။ နွေစပါးအတွက် ရေ/မြောင်းများ တူးဖော်ခြင်း | ၄ | | | —— | | |
| ၅။ ရွာတွင်း စာကြည့်တိုက်တည်ဆောက်ရန် | ၅ | | | —— | | |
| ၆။ မူလတန်းကျောင်း ချထားပေးရန်နှင့် ကျောင်းဆောင်ဆောက်လုပ်ရန် | ၆ | | | | —— | |
| ၇။ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် (ရေတွင်းများတူးဖော်ရန်) | ၇ | | | | | —— |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

